## အစမ္ဗခိုင်းစေမှုပပျောက်ရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့သည် မြန်မာနိုင်ငံတွင် သဘောရိုးဖြင့် နေထိုင်သူများအတွက် အဓမ္မခိုင်းစေခြင်းခံရမှုများနှင့် စပ်လျဉ်း၍တိုင်ကြားပိုင်ခွင့်ပြုသည့် နောက်ဆက်တွဲ သဘောတူညီချက်တစ်ရပ်ကို သဘောတူညီထားရှိပါသည်။ ဤတိုင်ကြားပုံ နည်းစနစ်ကို အမှန်တကယ်အဓမ္မခိုင်းစေခြင်းခံရသူများအတွက် အိုင်အယ်လ်အိုဆက်သွယ်ရေးအရာရှိ၏ အကူအညီရယူကာ တန်ပြန်အရေးယူမှု တစ်စုံတစ်ရာပြုလုပ်ခံရခြင်း မရှိဟူသော ယုံကြည်ချက် အပြည့်အဝဖြင့် အစိုးရထံမှ တရားသဖြင့်ဖြေရှင်းပေးရေးအတွက် တောင်းဆိုနိုင်သည့် အခွင့်အလမ်း တစ်ခုအဖြစ် စီစဉ်ထားခြင်းဖြစ်ပါသည်။

## အဓမ္မခိုင်းစေမှုဆိုသည်မှာ အဘယ်နည်း

အဓမ္မခိုင်းစေမှုဆိုသည်မှာ လူတစ်ဦးတစ်ယောက်အား အလုပ်တစ်ခုကို ထိုသူမပြုလုပ်ပါက (သို့မဟုတ်) မလိုက်နာပါက တစ်စုံတစ်ရာအပြစ်ပေး ခံရမည်ဟူသော ခြိမ်းခြောက်မှုကြောင့် ထိုသူ၏ ဆန္ဒမပါဘဲ ဥပဒေနှင့်ဆန့်ကျင်၍ ခိုင်းစေသော အလုပ်မျိုးကိုခေါ်ပါသည်။ မြန်မာနိုင်ငံ၏တည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်များသည် အဓမ္မခိုင်းစေမှုကျင့်သုံးခြင်းကိုလည်းကောင်း၊ အသက် (၁၈) နှစ်အောက်ကလေးသူငယ်များအား တပ်မတော်အတွင်းသို့ စုဆောင်းမှုကိုလည်းကောင်း တားမြစ်ထားပါသည်။

## တိုင်ကြားခြင်းဖြင့်မည်ကဲ့သို့သောရလဒ်များ ပေါ်ပေါက်လာနိုင်ပါသလဲ

အစိုးရနှင့် အိုင်အယ်လ်အို နှစ်ဘက်စလုံး၏ ရည်ရွယ်ချက်မှာ အဓမ္မခိုင်းစေမှု ပပျောက်ရေးဖြစ်ပါသည်။ ဤတိုင်ကြားပုံနည်းစနစ်တည်ရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုသည် အဆိုပါရည်ရွယ်ချက်ကို ရှေ့ရှု၍ လုပ်ဆောင်သွားမည်ဟု ယုံကြည်ပါသည်။ ထို့အပြင် သင်၏တိုင်ကြားမှုသည် မှန်ကန်ကြောင်း စုံစမ်းပေါ်ပေါက်ပါက သင့်အနေဖြင့် တနည်းတဖုံ တရားမျှတမှုနှင့် နောက်နောင် ဤသို့ထပ်မံမဖြစ်ပွားတော့ဆိုသည့် အသိအမြင်ရရှိစေခြင်း သို့မဟုတ် အဓမ္မစေခိုင်းသူအား သူ/သူမ၏ လုပ်ရပ်များအတွက် ထိုက်သင့်သောပြစ်ဒဏ်ပေးပြီးဖြစ်ကြောင်း ကျေနပ်မှုရစေခြင်းစသည်တို့ကို သင်မျှော်လင့်နိုင်ပါသည်။

## တိုင်ကြားမှုပြုလုပ်ရန် မည်သူ့ကိုဆက်သွယ်ရမည်နည်း

ပဏာမအားဖြင့် ရပ်ကွက်/ကျေးရွာ၊ မြို့နယ် (သို့မဟုတ်) ခရိုင်အဆင့်ရှိ သင်၏ဒေသခံအုပ်ချုပ်ရေး အဖွဲ့အစည်းများထံ တိုင်ကြားလျှင် သင့်လျော်မည်ဟု သင့်အနေဖြင့် ထင်မြင်ယူဆလျှင် ထိုသို့တိုင် ကြားမှုပြုလုပ်ပါ။ အဓမ္မစစ်မှုထမ်းစေခြင်း သို့မဟုတ် အသက်မပြည့်သော ကလေးသူငယ်များအား စစ်မှုထမ်းစေသောကိစ္စရပ်များတွင် သင်၏စိုးရိမ်မကင်းဖြစ်မှုကို နီးစပ်ရာ တပ်သားသစ်စုဆောင်းရေးစခန်း၊ စစ်အခြေခံလေ့ကျင့်ရေးကျောင်း သို့မဟုတ် နီးစပ်ရာတပ်စခန်းသို့တင်ပြပါ။

အကယ်၍ အထက်ပါအကြံပြုချက်သည် သင့်အတွက်မသင့်လျော်ဟုထင်မြင်ပါက သို့မဟုတ် အဆိုပါတိုင်ကြားမှုနှင့်စပ်လျဉ်းသောတုံ့ပြန်ဆောင်ရွက်ပေးမှုအပေါ် သင့်အနေဖြင့် အားရကျေနပ်မှု မရှိပါက စပ်ဆိုင်သောအချက်အလက်အထောက်အထားများဖြင့် သင်၏တိုင်ကြားချက်ကို အောက်ပါအတိုင်း လိပ်မူပေးပို့နိုင်ပါသည်။


**ဆက်သွယ်ရေးအရာရှိ**
**အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့**
**(အိုင်အယ်လ်အို)**
**အခန်းအမှတ် ၁၂၁၂-၁၂၂၀၊ ၁၂ ထပ်**
**ကုန်သည်ကြီးများဟိုတယ်၊ အမှတ် (၂၂၃)၊**
**ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။**
**ဖုန်း (၀၁) ၂၄၂၃၉၃ ၊ (၀၁) ၂၄၂၈၀၁။**
**ဖက်စ် (၀၁) ၂၄၂၅၉၄**
**အီးမေးလ် – yangon@ilo.org**

## မည်ကဲ့သို့ တိုင်ကြားနိုင်ပါသနည်း

သင်တိုင်ကြားနိုင်သောနည်းလမ်းများစွာရှိပါသည်။ အကယ်၍ အခြေအနေပေးပါက သင့်အနေနှင့် ပဏာမ တိုင်ကြားမှုကို ရပ်ကွက်/ကျေးရွာ၊ မြို့နယ် (သို့မဟုတ်) ခရိုင်အဆင့်ရှိ သင်၏ဒေသခံ အုပ်ချုပ်ရေးအဖွဲ့အစည်းများ မှတဆင့် တိုင်ကြားနိုင်ပါသည်။ (သို့မဟုတ်) နီးစပ်ရာ တပ်သားသစ် စုဆောင်းရေးစခန်းများတွင် စုံစမ်းမှု ပြုလုပ်နိုင်ပါသည်။ အထက်ပါနည်းလမ်းသည် အဆင်မပြေပါက (သို့မဟုတ်) မနှစ်သက်ပါက အိုင်အယ်လ်အိုဆက်သွယ်ရေး အရာရှိထံ ဆက်သွယ်တိုင်ကြားနိုင်ပါသည်။

ဆက်သွယ်ရေးအရာရှိအား တယ်လီဖုန်း၊ ဖက်စ်၊ အီးမေးလ်၊ စာပို့၍သော်လည်းကောင်း၊ ၎င်း၏ ရုံးသို့ သွားရောက်၍သော်လည်းကောင်း ဆက်သွယ်နိုင်ပါသည်။

သင်ဆန္ဒရှိပါက သင်ယုံကြည်ရသောမိတ်ဆွေတစ်ဦး (သို့မဟုတ်) အသိတစ်ဦးအား သင်၏ရေးသားထားသော တိုင်ကြားစာကို ဆက်သွယ်ရေးအရာရှိထံ သွားရောက်ပေးပို့စေရန်စီစဉ်နိုင်ပါသည်။ ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံကို အခြားစာမျက်နှာတွင် ကြည့်ရှုနိုင်ပါသည်။

## တိုင်ကြားမှုပြုလုပ်ရန် လုံခြုံမှုရှိပါသလား

တိုင်ကြားမှုကိုအကြောင်းပြု၍ တိုင်ကြားသူများ၊ တိုင်ကြားမှုနှင့် ဆက်နွှယ်နေသူများနှင့် အဓမ္မခိုင်းစေခံရသူများအားအနှောင့်အယှက်ပေးခြင်း၊ တရားစွဲဆိုခြင်း၊ တန်ပြန် အရေးယူခြင်းတို့ကို နောက်ဆက်တွဲသဘောတူညီချက်က အကာအကွယ်ပေးထားပါသည်။ ဆက်သွယ်ရေးအရာရှိသည် နောက်ဆက်တွဲသဘောတူညီချက်အရ တန်ပြန်အရေးယူခြင်း မရှိသည်ကို မှန်ကန်ကြောင်းအတည်ပြုရန်အလို့ငှာ အဓမ္မခိုင်းစေခံရသူများ၊ တိုင်ကြားသူ (များ)၊ သူ/သူမ၏ ကိုယ်စားလှယ်(များ) (သို့မဟုတ်) အခြားသော သက်ဆိုင်ရာ ပုဂ္ဂိုလ်(များ)နှင့် လွတ်လပ်စွာနှင့်လျှို့ဝှက်စွာ ဆက်သွယ်ခွင့် ရှိပါသည်။

## မည်သူတို့က တိုင်ကြားနိုင်ပါသနည်း

မြန်မာနိုင်ငံတွင် သဘောရိုးဖြင့်နေထိုင်သူတစ်ဦး ဖြစ်သည့် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးမှ တိုင်ကြားနိုင်ပါသည် -

၁။ အဓမ္မစေခိုင်းခံရသူ (သို့မဟုတ်)
၂။ အဓမ္မစေခိုင်းခံရသူ၏ ဆွေမျိုးသားချင်း (သို့မဟုတ်)
၃။ အခြားသက်ဆိုင်သော ပုဂ္ဂိုလ်

## တိုင်ကြားမှုသည် လျှို့ဝှက်လုံခြုံမှုရှိပါသလား

တိုင်ကြားမှုတစ်ခုအားပြုလုပ်သည့်အချိန်တွင် သင့်အနေဖြင့် သင်သည်မည်သူဖြစ်သည်ကို အသေးစိတ်ဖော်ပြရမည်။ သို့ရာတွင်သင်၏ တောင်းဆိုချက်အရ ဆက်သွယ်ရေးအရာရှိက သင်မည်သူဆို သည်ကိုလျှို့ဝှက်ထားနိုင်ပါသည်။ စုံစမ်းစစ်ဆေးမှုအောင်မြင်အဆင်ပြေရန်အလို့ငှာ ဖြစ်နိုင်ပါက အဓမ္မခိုင်းစေသူသည် မည်သူဖြစ်ကြောင်း ဖွင့်ဟပြောပြသင့်ပါသည်။

ထွက်ဆိုချက်များနှင့် အခြားသက်ဆိုင်သော အထောက်အထား စာရွက်စာတမ်းများ (ရှိခဲ့လျှင်)ကို အိုင်အယ်လ်အို ဆက်သွယ်ရေးအရာရှိက ဓမ္မဓိဋ္ဌာန်ကျစွာ စစ်ဆေးသွားမည့်အပြင် လျှို့ဝှက်ထားရှိမှုနှင့်စပ်လျဉ်းသည့် စိုးရိမ်မကင်းဖြစ်မှုများအား ပပျောက်သွားသည်အထိ တိုင်ကြားချက် မပြုလုပ်မီ ရှင်းပြသွားမည်ဖြစ်ပါသည်။

## တိုင်ကြားပုံနည်းစနစ်အရ မည်သို့ဆောင်ရွက်သနည်း

တိုင်ကြားမှုတစ်ခုကို လက်ခံရရှိသည့်အခါ အိုင်အယ်လ်အို ဆက်သွယ်ရေးအရာရှိအနေဖြင့် တင်ပြထားသော အချက်အလက်များအား ဓမ္မဓိဋ္ဌာန်ကျသော အကဲဖြတ်မှု တစ်စုံတစ်ရာ မပြီးဆုံးမီ အသေးစိတ် အချက်အလက်များအား ရှင်းလင်းစေရန် လိုအပ်ပါက အိုင်အယ်လ်အို ဆက်သွယ်ရေး အရာရှိသည် တိုင်ကြားသူနှင့်တွေ့ဆုံမှု ပြုလုပ်ရန် စီစဉ်ရမည် (သို့မဟုတ်) သင့်လျော်ပါက တိုင်ကြားမှု ပြုလုပ်သည့် ဒေသသို့ သွားရောက်၍ ဆန်းစစ်မှုပြုလုပ်ရမည်။

အိုင်အယ်လ်အိုဆက်သွယ်ရေးအရာရှိသည် ၎င်းထံ လက်ခံရရှိသော တိုင်ကြားမှုများအား သုံးသပ်၍ ၎င်း၏ ထင်မြင်ချက် သို့မဟုတ် အကြံပြုချက်နှင့်တကွ အချက်အလက်များအား နိုင်ငံတော်အစိုးရ၏ အိုင်အယ်လ်အိုရေးရာ လုပ်ငန်းအဖွဲ့ သို့တင်ပြရမည်။ တိုင်ကြားမှုတစ်ခုအား လက်ခံရရှိသည့်အခါ လုပ်ငန်းအဖွဲ့သည်အချက်အလက်များ မှန်ကန်မှု ရှိ မရှိ စိစစ်နိုင်ရန်နှင့် သင့်လျော်သော အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ရေးအကြံပေးရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စုံစမ်းမှုပြုလုပ်ရန် ညွှန်ကြားရမည်။